တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည်
အကြောင်းအရာတစ်ခုကို ပြောပြတော်မူပြီးနောက်
မိန့်ကြားတော်မူသည်မှာ ယင်းသည် အသိပညာ
ပျောက်ကွယ်သွားသည့်အချိန်တွင် ဖြစ်ပေါ်လာလိမ့်မည်။
ဇိယာဒ်ဗင်န်လဗီးဒ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အကြောင်းအရာတစ်ခုကို
ပြောပြတော်မူပြီးနောက် မိန့်ကြားတော်မူသည်မှာ ယင်းသည် အသိပညာ
ပျောက်ကွယ်သွားသည့်အချိန်တွင် ဖြစ်ပေါ်လာလိမ့်မည်။ ကျွန်တော်က အို
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၊ အသိပညာသည် အဘယ်ကဲ့သို့ပျောက်ကွယ်သွားမည်နည်း။
ကျွန်တော်တို့သည် ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဖတ်ကြပြီး မိမိတို့၏
သားသမီးများကိုသင်ကြားပေးကြသည်။ တဖန် ကျွန်တော်တို့၏ သာသမီးများကလည်း
၎င်းတို့၏သားသမီးများကို သင်ကြားပို့ချကြပါမည်။ ဤအတိုင်းပင် ကိယာမသ်နေ့ထိတိုင်
ရှိနေလိမ့်မည်ဟု လျှောက်ထားခဲ့သည်။ ထိုအခါ ကိုယ်တော်က အို ဇိယာဒ်၊ အသင်၏မိခင်သည်
အသင့်ကိုပျောက်ဆုံးပါစေ၊ ငါကိုယ်တော်သည် အသင့်အား မဒီနာ၌ အသိပညာအရှိဆုံးသူဟု
ထင်မှတ်ထားသည်။ ဤယဟူဒီနှင့် နဆ်ွရာနီတို့သည် သောင်ရာသ်ကျမ်းနှင့်
အင်န်ဂျိလ်ကျမ်းတို့ကို ရွတ်ဖတ်ကြသည်။ သို့သော် ၎င်းတို့သည်
ထိုကျမ်းများတွင်ရှိသော မည်သည့် အမိန့်ပညတ်ချက်ကိုမျှ လိုက်နာကျင့်သုံးမှု
မပြုကြသည် မဟုတ်လောဟု မိန့်ကြားတော်မူသည်။
[صحيح لغيره] [رواه ابن ماجه]
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိ၏အဆ်ွဟာဗ်တော်များကြားတွင်
ထိုင်နေတော်မူပြီး ဤအချိန်သည် လူတို့ထံမှ အသိပညာများ
ရုပ်သိမ်းခံရမည့်အချိန်ဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့သည်။ ထိုအခါ ဇိယာဒ်ဗင်န်လဗီးဒ်
အန်ဆွာရီ (ရဿွိယလ္လာဟုအန်ဟု)က အံ့သြ၍ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား
မေးမြန်းတော်မူသည်မှာ အသိပညာသည် အဘယ်ကဲ့သို့ ရုပ်သိမ်းခံရပြီး ကျွန်တော်တို့ထံမှ
မည်သို့ပျောက်ကွယ်သွားမည်နည်း။ ကျွန်တော်တို့သည် ကုရ်အာန်ကျမ်းမြတ်ကို
ရွတ်ဖတ်ကြပြီး အာဂုံဆောင်ခဲ့ကြသည်။ အလ္လာဟ်အရှင်မြတ်အားတိုင်တည်ပါ၏။ ဧကန်မုချ
ကျွန်တော်မျိုးတို့သည် ကုရ်အာန်ကျမ်းမြတ်ကိုရွတ်ဖတ်ကြမည်ဖြစ်ပြီး မိမိတို့၏
အမျိုးသမီးများနှင့် သားသမီးများကိုလည်းသင်ကြားပေးကြမည်ဖြစ်သည်။ တဖန်
ကျွန်တော်တို့၏ သားသမီးများကလည်း ၎င်းတို့၏သားသမီးများကို
သင်ကြားပို့ချသွားကြမည်ပင်ဖြစ်သည်။ ထိုအခါ တမန်တော်မြတ်
(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) က အံ့ဩလျက် အိုဇိယာဒ်၊ အသင်၏မိခင်သည် အသင့်ကို
ပျောက်ဆုံးပါစေ။ ငါကိုယ် တော်သည် အသင့်အား မဒီနာသားတို့၌ အသိပညာအရှိဆုံးသူဟု
ထင်မှတ်ထားသည်ဟု ပြောကြားတော်မူခဲ့သည်။ ထို့နောက်
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူသည်မှာ
အသိပညာပျောက်ကွယ်သွားခြင်းဟူသည် ကုရ်အာန်ကျမ်းမြတ်ပျောက်ကွယ်သွားခြင်းကို

ဆိုလိုခြင်းမဟုတ်၊ အသိပညာပျောက်ကွယ်သွားခြင်းဟူသည် ထိုကျမ်းတော်မြတ်အပေါ်
လိုက်နာကျင့်သုံးမှု မပြုကြခြင်းကိုဆိုလိုခြင်းဖြစ်သည်။ ယဟူဒီ၊ နဆ်ွရာနီတို့ထံ၌
သောင်ရာသ်ကျမ်းနှင့် အင်န်ဂျိလ်ကျမ်းတို့ ရှိသော်လည်း ၎င်းတို့ကို
အကျိုးမပြုသည့်အပြင် ၎င်းတို့သည် ထိုကျမ်းများ၏ ရည်ရွယ်ချက်အတိုင်း
အသိပညာအပေါ်လိုက်နာကျင့်သုံးမှုမရှိသဖြင့် အကျိုးမခံစားခဲ့ရပေ။
https://sunnah.global/hadeeth/my/show/65045